# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

# ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း

၂၀၁၀ ပြည့်နှစ်၊ မေလ

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၂ |
| ၂။ | အခန်း(၁) ပါတီ၏ရည်မှန်းချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် သဘောထားများ | ၃ | ၃၀ |
| ၃။ | အခန်း(၂) ပါတီအမည်နှင့် အဆောင်အယောင်များ | ၃၁ | ၃၅ |
| ၄။ | အခန်း(၃) ပါတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်၊ တာဝန်နှင့်ဝတ္တရား၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ရပိုင်ခွင့်များ၊ အရေးယူခြင်း၊ အယူခံခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း ဆိုင်ရာများ | ၃၆ | ၄၈ |
| ၅။ | အခန်း(၄) ပါတီအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်မှု | ၄၉ | ၇၇ |
| ၆။ | အခန်း(၅) ဗဟိုဌာနကြီးများ၊ ဗဟိုရေးရာကော်မတီများနှင့် ဗဟိုလုပ်ငန်းအဖွဲ့ အစည်းများ | ၇၈ | - |
| ၇။ | အခန်း(၆) လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း | ၇၉ | ၈၀ |
| ၈။ | အခန်း(၇) အထွေထွေ | ၈၁ | - |
| ၉။ | ဖွဲ့စည်းပုံဇယား (နောက်ဆက်တွဲ) | | |

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို အစဉ်ထိန်းသိမ်းမည်ဟူ၍လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်မည်ဟူ၍လည်းကောင်း၊ တစ်လုံးတစ်စည်းတည်း ခိုင်မာတောင့်တင်းသော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ထာဝစဉ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်မည်ဟူ၍ လည်းကောင်း၊ ပြည်သူများ၏ အခွင့်အရေး၊ အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ဖော်ဆောင်မည်ဟူ၍ လည်းကောင်း၊ တိုင်းရင်းသား အားလုံးတွင် ရှိပြီးဖြစ်သည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်မည်ဟူ၍လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟူ၍လည်းကောင်း သန္နိဋ္ဌာန်ချ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

# အခန်း (၁)

# ပါတီ၏ရည်မှန်းချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် သဘောထားများ

## ရည်မှန်းချက်

၃။ ပါတီ၏ရည်မှန်းချက်သည် ပြည်သူများ၏ လိုအင်ဆန္ဒနှင့် ထပ်တူထပ်မျှဖြစ်သည့် "**အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် အစွန့်ရှည်တိုးတက်တည်တံ့ခိုင်မြဲရေး**"ပင်ဖြစ်သည်။ ဤရည်မှန်းချက်အောင်မြင်အောင် ပြည်သူများနှင့်အတူ တစ်စည်းတစ်လုံးတည်း လက်တွဲပူးပေါင်း တည်ဆောက်မည်။ ကာကွယ်စောင့်ရှောက်မည်။ ပါတီသည် ပြည်သူများ၏ အကျိုးစီးပွားနှင့် လိုအင်ဆန္ဒကို အစဉ်ထာဝရ ဦးထိပ်ထားဆောင်ရွက်မည်။

## ယုံကြည်ချက်

၄။ ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူသည်။ ယင်းအရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်

ခံယူကျင့်သုံးမည်။ ဤအမျိုးသားရေးမူဝါဒများ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများအတွင်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားနေရန် အဓိက လိုအပ်သည်ဟုလည်း ယုံကြည်သည်။ ထို့အတူ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက် အောင် ဆောင်ရွက်ခြင်းဖြင့် ယင်းအမျိုးသားရေး မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဟုလည်း ခံယူသည်။ အဆိုပါ မှန်ကန်သောမူဝါဒ၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ လက်တွေ့ကျသော လုပ်ငန်းစဉ်များဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ဆောက်ဖော်ဆောင် နိုင်မည်ဟု အလေးအနက်ယုံကြည်သည်။

## ပါတီ၏သန္နိဋ္ဌာန်

၅။ ပါတီ၏ သန္နိဋ္ဌာန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့်အခွန့်ရှည် တိုးတက်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက် သွားမည်။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အား အမျိုးသားရေးမူဝါဒအဖြစ် အလေးအနက်ခံယူကျင့်သုံး ဖော်ဆောင်သွားမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အစဉ်ရှေးရှု အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ပါတီ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားယှဉ်လာလျှင် နိုင်ငံတော်အကျိုးစီးပွားကို ဦးစားပေးသွားမည်။

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို ထာဝစဉ်စောင့်သိရိုသေလျက် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စဉ်ဆက်မပြတ်ဘက်စုံတိုးတက် အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်မည်။

(င) နိုင်ငံသားများအတွင်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားရေးအတွက် စည်းရုံးကြိုးပမ်းဆောင်ရွက်မည်။

(စ) ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ထားလျက် ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များအား အသက်ဟူသော အကြောင်းကြောင့်ပင် မစွန့်လွှတ်ဘဲ ရဲဝံ့တည်ကြည်သော စိတ်ဓာတ်၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အောင်မြင်အောင် ခံယူကျင့်သုံး ကြိုးပမ်းဖော်ဆောင်သွားမည်။

**ပါတီ၏မူဝါဒများ**

၆။ ပါတီ၏မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **အမျိုးသားရေးမူဝါဒ။** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထာဝစဉ် ဦးထိပ်ထားမည်။

(ခ) **နိုင်ငံရေးမူဝါဒ။** အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထား၍ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

(ဂ) **စီးပွားရေးမူဝါဒ။** ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်။

(ဃ) **နိုင်ငံခြားရေးမူဝါဒ။** လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။ ငြိမ်းချမ်းစွာ

အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်အညီ ဆောင်ရွက်မည်။

(င) **ကာကွယ်ရေးမူဝါဒ။** နိုင်ငံတော်အား ပြည်တွင်းပြည်ပ အန္တရာယ်များမှ အပြည့်အဝ ကာကွယ်နိုင်စွမ်းရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

(စ) **လူ့အခွင့်အရေးဆိုင်ရာမူဝါဒ။** အခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်း၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အာမခံမည်။

(ဆ) **တိုင်းရင်းသားရေးဆိုင်ရာမူဝါဒ။** တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထားမည်။ အခြေခံ ဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်အောင် ဖော်ဆောင်ပေးမည်။

(ဇ) **တောင်သူလယ်သမားရေးဆိုင်ရာမူဝါဒ။** တောင်သူ လယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မည်။ "လယ်လုပ်သူ လယ်လုပ်ပိုင် ခွင့်"ကို အာမခံမည်။

(ဈ) **အလုပ်သမားရေးဆိုင်ရာမူဝါဒ။** အလုပ်သမားများ၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

ဆောင်ရွက်မည်။ အခြေခံဥပဒေနှင့်အညီ အလုပ်သမား များ၏ အခွင့်အရေးများကို အပြည့်အဝရရှိ ခံစား နိုင်အောင် ဖော်ဆောင်ပေးမည်။

(ည) **ဘာသာရေးဆိုင်ရာမူဝါဒ။** လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်ကို အာမခံမည်။

(ဋ) **ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ။** အမျိုးသား အကျိုး စီးပွားကို အခြေခံပြီး ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မည်။

(ဌ) **ပညာရေးမူဝါဒ။** ပညာရေးကို နိုင်ငံတကာအဆင့်မီ မြင့်မားအောင် ဆောင်ရွက်မည်။ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အားပေးမြှင့်တင် ဆောင် ရွက်မည်။

(ဍ) **ကျန်းမာရေးမူဝါဒ။** တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဎ) **ယဉ်ကျေးမှုဆိုင်ရာမူဝါဒ။** အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း မြှင့်တင် သွားမည်။

## ပါတီ၏လုပ်ငန်းစဉ်များ

၇။ **အမျိုးသားရေးလုပ်ငန်းစဉ်။** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်မည် -

(က) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အခြေခံဥပဒေပါ "နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ" ဆိုသည့် ဥပဒေစည်းနှောင်မှု (Legal Binding)ပြဋ္ဌာန်း ချက်ကို အလေးအနက်ကိုင်စွဲမည်။

(ခ) ဥပဒေဆိုင်ရာ စည်းနှောင်မှုကို အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းသားများ၏ ဒေသအားလုံးကို လူမှုစီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ တပြေးညီ ဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးမည်။

(ဂ) အထက်ပါ အချက်နှစ်ချက်ကို အားဖြည့်နိုင်ရန်အတွက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားအောင် စိတ်ပိုင်းဆိုင်ရာ တည်ဆောက်မှုများ ဆောင်ရွက်သွား မည်။

၈။ **နိုင်ငံရေးလုပ်ငန်းစဉ်။** နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) ယခင် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့စဉ်က အားသာ အားနည်းချက်များကို ဖော်ထုတ်ပြီး ပါတီစုံဒီမိုကရေစီ စနစ်အား မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံး နိုင်ရေး ဆောင်ရွက်သွားမည်။

(ခ) မြန်မာလူ့အဖွဲ့အစည်းအတွင်း လွတ်လပ်မှုနှင့် တာဝန် ရှိမှုကို ဟန်ချက်ညီညီ ကျင့်သုံးသည့် ဒီမိုကရေစီကျင့်စဉ် များ ထွန်းကားစေရေးအတွက် ဆောင်ရွက်သွားမည်။

(ဂ) ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ လူ့အခွင့်အရေး သတ်မှတ်ချက်များနှင့်အညီ လူ့အခွင့်အရေးများ ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်သွားမည်။

(ဃ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာ များကို ပိုင်းခြားသုံးစွဲခြင်း၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းများ ဆောင်ရွက်သွားမည်။

(င) ၎င်း ခက်မသုံးဖြာ တည့်မတ်မှန်ကန်အောင် ထိန်းကျောင်း ပေးရမည့် စတုတ္ထမဏ္ဍိုင် ဖြစ်သော မီဒီယာကဏ္ဍ

အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်စေရေး ကြိုးပမ်းပျိုးထောင်သွားမည်။

(စ) ဒီမိုကရေစီစနစ် အောင်မြင်ရေးအတွက် အဓိကအကျဆုံးဖြစ်သော ပြည်သူလူထု၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မြှင့်တင်ဆောင်ရွက်မည်။

၉။ **ကာကွယ်ရေးလုပ်ငန်းစဉ်။** နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ အပြည့်အဝ ကာကွယ်နိုင်စွမ်းရှိအောင် အောက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်သွားမည် -

(က) တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်ဖြစ်အောင် တည်ဆောက်မည်။

(ခ) နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်နိုင်အောင် စီမံ ဆောင်ရွက်သွားမည်။

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကကျသည့် နိုင်ငံရေး စွမ်းအား(Political Might)၊ စီးပွားရေးစွမ်းအား(Economic Might) နှင့် ကာကွယ်ရေး စွမ်းအား(Military Might) တို့ကို ခိုင်မာအောင် တည်ဆောက်သွားမည်။

(ဃ) နိုင်ငံတော်ကို ကာကွယ်ရာတွင် အထက်ပါ စွမ်းအားများ အပြင် သံတမန်နည်းလမ်းကို အသုံးပြုပြီး နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံအားပေးမှုကိုပါ ရရှိအောင် ဖော်ဆောင်သွားမည်။

၁၀။ **စီးပွားရေးလုပ်ငန်းစဉ်။** နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ထွန်းလာရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံး စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိအောင် ဆောင်ရွက်သွားမည်။

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေး ကူညီသွားမည်။

(ဂ) ဈေးကွက်စီးပွားရေးစနစ်တွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းအား ပျက်ပြားစေမည့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း၊ ဈေးကစားခြင်း စသည့် လုပ်ဆောင်မှုများကို တားဆီး ကာကွယ်သွားမည်။

(ဃ) တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့်ဈေးကွက် ရရှိရေးတို့ကို ကူညီပံ့ပိုး ဆောင်ရွက်သွားမည်။ တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များအား ပြည်ပစီးပွားရေး လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ကူညီ ဆောင်ရွက်သွားမည်။

(င) နိုင်ငံတော်၏ စီးပွားရေးအခြေအနေများ တိုးတက် ကောင်းမွန်စေရန်အတွက် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရေး၊ ဥပဒေများပြင်ဆင်ရေးတို့ကို အားထုတ် ဆောင်ရွက်သွား မည်။

(စ) ဆင်းရဲချမ်းသာကွာဟမှု၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုး တိုးတက်နှုန်း ကွာခြားမှုများကို လျှော့ချနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားမည်။

(ဆ) ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ဥပဒေဖြင့် အကာအကွယ် ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

(ဇ) ပြည်သူလူထု စားဝတ်နေရေး ဖူလုံမှုနှင့် လူနေမှု အဆင့် အတန်း တိုးတက်မြင့်မားရေးအတွက် လိုအပ်သော အလုပ်အကိုင်အခွင့်အလမ်း၊ တစ်ဦးချင်းဝင်ငွေ

တိုးတက်ရေး၊ ငွေကြေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေး စသည့် လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားမည်။

(ဈ) ပြည်သူများ၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့် နှင့် မူပိုင်ခွင့်တို့ကို ကာကွယ်ပေးသွားမည်။

(ည) တရားဝင်ထုတ်ဝေထားသော ငွေကြေးများနှင့်စပ်လျဉ်း၍ အာမခံသွားမည်။

၁၁။ **နိုင်ငံခြားရေးလုပ်ငန်းစဉ်။** လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့် အညီ နိုင်ငံတကာဆက်ဆံရေးကို ကျင့်သုံးမည်။

(ခ) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနှင့် ဒေသတွင်းအဖွဲ့ အစည်းများတွင် မြန်မာ နိုင်ငံမှ တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက် သွားမည်။

(ဂ) နိုင်ငံတကာမျက်နှာစာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(ဃ) တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး နှင့်ထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်ရေးကိစ္စရပ်များတွင် ကမ္ဘာ့ မိသားစုဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်သွားမည်။

(င) နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် တည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင် တွန်းလှန်သွားမည်။

(စ) အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံ များနှင့် ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက် ဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်း လုပ်ဆောင်သွားမည်။

၁၂။ **လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းစဉ်။** ပြည်သူများအနေဖြင့် အောက်ပါအခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည် -

(က) လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပြသခွင့်။

(ခ) လွတ်လပ်စွာ စီးပွားရေးလုပ်ပိုင်ခွင့်။

(ဂ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်။

(ဃ) အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်။

(င) ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်။

(စ) ပညာသင်ကြားခွင့်။

(ဆ) နိုင်ငံသားတို့၏ မူလအခွင့်အရေးများ။

၁၃။ **တိုင်းရင်းသားရေးဆိုင်ရာလုပ်ငန်းစဉ်။** တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်-

(က) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွား မည်။

(ခ) တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန် အားပေး ဆောင်ရွက်သွားမည်။

(ဂ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အပြန်အလှန် နားလည်ယုံကြည်မှု တည် ဆောက်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဃ) အုပ်ချုပ်ရေးယန္တရားနှင့် ပါတီ အဖွဲ့အစည်း အဆင့်ဆင့် တွင် တိုင်းရင်းသားများအားလုံး လူမျိုး၊ ဇာတိ၊

ကိုးကွယ်ရာဘာသာ မခွဲခြားဘဲ ပါဝင်နိုင်အောင် ဆောင်ရွက်သွားမည်။

(င) အခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ အခွင့်အရေးများ အပြည့်အဝ ရရှိခံစား နိုင်အောင် ဖော်ဆောင်ပေးမည်။

၁၄။ **တောင်သူလယ်သမားရေးဆိုင်ရာလုပ်ငန်းစဉ်။** တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) လယ်လုပ်သူလယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေးကို အာမခံမည်။

(ခ) လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်ရရှိအောင် ဆောင်ရွက်သွားမည်။

(ဂ) တောင်သူလယ်သမားများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ဆောင်သူများ၏ အခွင့်အရေးကို ကာကွယ်သည့် ဥပဒေများကို ခေတ်နှင့်အညီဖြစ်စေရန် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်။

(ဃ) တောင်သူလယ်သမားများ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် လယ်ယာထွက်ကုန်များ သင့်လျော်သည့် ဈေးနှုန်း ရရှိရေး ဆောင်ရွက်သွားမည်။

(င) လယ်ယာထွက်ကုန်များအတွက် ပြည်ပပို့ကုန် ဈေးကွက်များ ချဲ့ထွင်ပေးသွားမည်။

(စ) လယ်ယာထွက်ကုန်များ၏ အရည်အသွေးမြင့်မားရေးနှင့် လေ့လွင့်ဆုံးရှုံးမှု လျော့ပါးရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများ ခေတ်မီတိုးတက်အောင် ဆောင်ရွက်သွားမည်။

(ဆ) ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ လယ်ယာသုံး စက်မှုနည်းပညာများကို တောင်သူ လယ်သမားများ အကုန်အကျ သက်သာစွာဖြင့် အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်။

(ဇ) စိုက်ပျိုးရေးစရိတ် အရင်းအနှီးများကို လုံလောက်စွာ ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

၁၅။ **အလုပ်သမားရေးရာလုပ်ငန်းစဉ်။** အလုပ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) အလုပ်သမားအားလုံး လူမှုဖူလုံရေးခံစားခွင့် ပိုမို ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) အလုပ်သမားများ၏ အခွင့်အရေးကို အကာအကွယ်ပေးသည့် ဥပဒေများကို ခေတ်နှင့် အညီဖြစ်စေရန် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်။

(ဂ) အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ချက်ကို ဖြစ်ပေါ်နေသည့် လူနေမှုစရိတ်နှင့် လိုက်လျောညီထွေရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၁၆။ **ဘာသာရေးဆိုင်ရာလုပ်ငန်းစဉ်။** ဘာသာရေးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) အခြားဘာသာ၊ သာသနာကို ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိယုံကြည်ကိုးကွယ်သည့် ဘာသာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိအောင် အခြေခံဥပဒေနှင့်အညီ အကောင် အထည်ဖော်သွားမည်။

(ခ) ကိုးကွယ်သည့်ဘာသာ၊ သာသနာကို အကြောင်းပြုပြီး ခွဲခြားဆက်ဆံမှုမရှိအောင် ဆောင်ရွက်သွားမည်။

(ဂ) ဘာသာရေးကို နိုင်ငံရေးအတွက် ခုတုံးလုပ်အသုံးချခြင်းမှ ရှောင်ကျဉ်သွားမည်။

(ဃ) ဘာသာ၊ သာသနာအချင်းချင်း နားလည်သင့်မြတ် ချစ်ကြည်မှုကို အားပေးသွားမည်။

၁၇။ **ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်။** ပါတီသည် ကျန်ပါတီများ၊ အဖွဲ့အစည်းများ၊ အင်အားစုများနှင့်ပူးပေါင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) တရားဝင်ပါတီ၊ အဖွဲ့အစည်း၊ အင်အားစုများအားလုံးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် လုပ်ဖော်ကိုင်ဘက် များအဖြစ် သဘောထား၍ ဆက်ဆံသွားမည်။

(ခ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်။

(ဂ) လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့်နှင့် အပြန်အလှန် လေးစားမှုရှိသော ဒီမိုကရေစီကျင့်စဉ်ပေါ်တွင် အခြေခံပြီး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အဖြေရှာသွားမည်။

(ဃ) မိမိပါတီ အာဏာရရှိရေးထက် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားသည့် အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်သွားမည်။

၁၈။ **ပညာရေးဆိုင်ရာလုပ်ငန်းစဉ်။** မြန်မာနိုင်ငံပညာရေးစနစ်ကို နိုင်ငံတကာအဆင့်မီစေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်သွားမည်။

(ခ) ပညာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကို အားပေးဆောင်ရွက်သွားမည်။ နိုင်ငံတော်၏ ပညာရေးကဏ္ဍကိုလည်း အဆင့်အတန်း မြင့်မားအောင် မြှင့်တင်ဆောင်ရွက်သွားမည်။

(ဂ) အဆင့်မြင့်ပညာရေးကဏ္ဍတွင် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(ဃ) ပြည်သူအားလုံးအတွက် ပညာရေးအခွင့်အလမ်းများကို လက်လှမ်းမီစေရန် တိုးတက် မြှင့်တင် အားပေးသွားမည်။

(င) ပညာရည်ထူးချွန်ပြီး ဆက်လက်သင်ကြားရန် အခက်အခဲရှိသော လူငယ်များ၏ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေး အားပေးကူညီဆောင်ရွက်သွားမည်။

၁၉။ **ကျန်းမာရေးလုပ်ငန်းစဉ်။** တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို တိုးချဲ့မြှင့်တင်ရေးနှင့် နိုင်ငံတော်က တာဝန်ယူ ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းသွားမည်။

(ခ) ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိကနှင့် ပရဟိတအဖွဲ့အစည်းများ ပါဝင်သော စနစ်တစ်ရပ် ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ဂ) ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စနစ်တကျ ရှိစေရေးနှင့် လူနာများ ယုံကြည်စိတ်ချရသည့် ကုသစောင့်ရှောက်မှု ရရှိရေးအတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်။

(ဃ) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားမည်။

၂၀။ **ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစဉ်။** အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင် နိုင်ရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

(က) သမိုင်းကြောင်းအထောက်အထားနှင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ကာကွယ်သွားမည်။

(ခ) အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက် စေရေးအတွက် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ရိုးရာ ပန်းပညာရပ်များကို ကိုယ်ပိုင်ယဉ်ကျေးမှု စံနှုန်းများ နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်သွားမည်။

(ဂ) အခြားတစ်ဖက်မှလည်း အမျိုးသား ယဉ်ကျေးမှုဘောင် အတွင်းမှ တီထွင်ဆန်းသစ်မှုများကို အားပေးမြှင့်တင် သွားမည်။

## ပါတီ၏သဘောထား

၂၁။ **တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်သော သဘောထား။** ပြည်ထောင်စုမြန်မာနိုင်ငံ၌ မှီတင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုး တစ်ရာကျော်ရှိပေရာ ထိုတိုင်းရင်းသားလူမျိုးအားလုံးသည် နိုင်ငံတော်

အာဏာ၏ မူလပိုင်ရှင် အစစ်အမှန်များဖြစ်သည်နှင့်အညီ နိုင်ငံတော် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးတို့အတွက် အတူတကွ ချစ်ကြည်စွာ လက်တွဲထူထောင် တည်ဆောက်သွားကြရမည့် အရင်းချာဆုံးသော သွေးချင်းသားချင်း များပင်ဖြစ်သည်။ ထိုတိုင်းရင်းသား လူမျိုးအသီးသီး၏ ယဉ်ကျေးမှု၊ အနုပညာ အစဉ်အလာကောင်းများကို ထိန်းသိမ်းအားပေးသွားမည် ဖြစ်သည့်အပြင် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အပြန်အလှန်ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းအောင်လည်း ကူညီဆောင်ရွက်သွားမည်။ အထူးသဖြင့် တိုးတက် ဖွံ့ဖြိုးမှုလိုအပ်နေသေးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ အပါအဝင် လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်သွားမည်။

၂၂။ **တောင်သူလယ်သမားများနှင့်ပတ်သက်သော သဘောထား။**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူဦးရေအများစုသည် တောင်သူလယ်သမား များဖြစ်သည့်အပြင် လယ်ယာကုန်ထုတ်လုပ်မှုသည်လည်း နိုင်ငံတော်၏ စီးပွားရေးတွင် ကြီးမားသော ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့ဖြစ်၍ တောင်သူလယ်သမားများကို နိုင်ငံ၏အရေးပါသော အခြေခံ လူတန်းစားအဖြစ် အလေးအနက်ခံယူ၍ "လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်"မှ

အစပြု၍ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများ အစဉ်ခေတ်မီပြည့်စုံနေစေရန် ပြဋ္ဌာန်းနိုင်ရေး အားထုတ်ဆောင်ရွက်သွားမည်။ တောင်သူ လယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် အကျိုးအမြတ်ရရှိစေရန် ကူညီဆောင်ရွက်သွားမည်။ တောင်သူလယ်သမားများ၏ ကုန်သွယ်စီးပွား လွတ်လပ်ခွင့်များအတွက် အစဉ်ဦးတည်ကြိုးပမ်းသွားမည်။ ထို့ပြင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရေးနှင့် စိုက်ပျိုးရေးစနစ် ခေတ်မီတိုးတက်ရေးကို ဘက်စုံမှ အားပေးကူညီသွားမည်။

၂၃။ **အလုပ်သမားများနှင့်ပတ်သက်သော သဘောထား။** အလုပ်သမားများသည် နိုင်ငံတော်၏ အရေးပါသည့် အခြေခံလူတန်းစားဖြစ်သည်နှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများကို အချိန်အခါနှင့်အညီ ပြည့်စုံကောင်းမွန်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် အားထုတ်ဆောင်ရွက်သွားမည်။ အလုပ်သမားများ ထိုက်တန်သော လုပ်ခရရှိရေး၊ လုပ်ငန်းခွင်ဘေးကင်းရေး၊ သက်သာချောင်ချိရေး၊ အငြိမ်းစားယူချိန်တွင် စားဝတ်နေရေး အဆင်ပြေစွာ ရပ်တည်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစဉ်အားပေးပံ့ပိုးသွားမည်။

၂၄။ **လူငယ်များနှင့်ပတ်သက်သော သဘောထား။** လူငယ်များသည် အနာဂတ်ကို ပိုင်ဆိုင်သူများ ဖြစ်၍ အနာဂတ်နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ ယနေ့လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေပေသည်။ သို့ဖြစ်၍ လူငယ်များဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်သွားမည်။ လူငယ်များထဲမှ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးတက်များပြားစွာ ပေါ်ထွက်လာစေရန် အခြေအနေ၊ အခွင့်အလမ်းကောင်းများ ဖန်တီးပေးမည်။ လူငယ်တိုင်း အနိမ့်ဆုံးအဆင့် အခြေခံပညာသင်ယူခွင့်ရရှိစေပြီး ခေတ်မီအတတ်ပညာ၊ ခေတ်မီနည်းပညာများ လက်လှမ်းမီဆည်းပူးခွင့် ရရှိစေရန်အတွက်လည်း အားပေးမြှင့်တင်သွားမည်။ လူငယ်များနှင့် ကျောင်းသားများဘဝ သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားပေးကူညီသွားမည်။

၂၅။ **အမျိုးသမီးများနှင့်ပတ်သက်သော သဘောထား။** မြန်မာနိုင်ငံ၏ လူဦးရေတွင် အများစုမှာ အမျိုးသမီးများဖြစ်ရာ အမျိုးသမီးများဘဝ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ သို့ဖြစ်၍ အမျိုးသမီးများဘဝလုံခြုံရေးကို ရှေးရှု၍ လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် အစဉ်အားထုတ်ဖော်ဆောင်သွားမည်။ အမျိုးသမီးများ ပညာသင်ကြားရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဘက်စုံကဏ္ဍစုံမှ အားပေးကူညီသွားမည်။

၂၆။ **တပ်မတော်နှင့်ပတ်သက်သော သဘောထား။** တပ်မတော်သည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအတွင်းမှ တိုင်းရင်းသား မိဘပြည်သူများ၏ ရင်သွေးများဖြင့် ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီး နယ်ချဲ့နှင့် ဖက်ဆစ်ရန်ကို တွန်းလှန်ကာ ပြည်တွင်းဆူပူသောင်းကျန်းမှု အန္တရာယ်မှလည်း အသက်ပေးကာကွယ် စောင့်ရှောက်ခဲ့သော တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်အင်အားစုကြီးဖြစ်သည်ကို လေးစားစွာ အသိအမှတ် ပြုသည်။ တပ်မတော်သည် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါတီနှင့်အတူ ဦးထမ်းပဲ့ထမ်းလက်တွဲသွားကြရမည့် အမျိုးသားကာကွယ်ရေးအင်အားစုကြီးလည်း ဖြစ်သည်။ ထို့ကြောင့် တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်ကို ကာကွယ်နိုင်စွမ်းရှိသည့် ခေတ်မီတပ်မတော်ကြီးဖြစ်ရန် အတတ်နိုင်ဆုံး အားပေးကူညီသွားမည်။

၂၇။ **နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော သဘောထား။** နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်ကို မကြောင့်မကျ စိတ်အေးချမ်းသာစွာ စွမ်းဆောင်နိုင်သော အင်အားစုကြီးဖြစ်စေရန် ကူညီသွားမည်။ နိုင်ငံတော်က ချမှတ်ထားသော **နိုင်ငံဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်** ဟူသော စည်းကမ်းနှင့်အညီ ဝန်ထမ်းများအား မည်သည့်ပါတီကမျှ ခုတုံးလုပ်ခြင်း၊ အသုံးချခြင်း၊ ချယ်လှယ်ခြင်း မရှိစေရန် ကာကွယ်

စောင့်ထိန်းမည်။ ဝန်ထမ်းထုအတွင်း စည်းလုံးညီညွတ်မှု အပြည့်အဝ ရရှိပြီး ဝန်ထမ်း ဘဝသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အငြိမ်းစားယူချိန်တွင် စားဝတ်နေရေး၊ အဆင်ပြေစွာ ရပ်တည်နိုင်ရေးတို့အတွက် တတ်နိုင်သည့်ဘက်မှ ဥပဒေနှင့်အညီ အကူအညီများပေးသွားမည်။

၂၈။ **စတုတ္ထမဏ္ဍိုင်စာနယ်ဇင်းနှင့်ပတ်သက်သော သဘောထား။** ဒီမိုကရေစီစနစ် အောင်မြင်ရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် စာနယ်ဇင်းတည်းဟူသော မဏ္ဍိုင်ကြီး ၄ ရပ် တို့၏ ဆောင်ရွက်မှုများ တည့်မတ်မှန်ကန်ရန်၊ အပြန်အလှန် ထိန်းကျောင်း ဆောင်ရွက်ရန် လိုအပ်သည်ဟုခံယူသည်။ သို့ပါ၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် ၃ ရပ် တည့်မတ် မှန်ကန်အောင် ဆောင်ရွက်မည့်အပြင် စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းအနေဖြင့် ၎င်းခက်မ ၃ ဖြာ တည့်မတ် မှန်ကန်အောင် ထိန်းကျောင်းပေးနိုင်စေရေးအတွက် ကြိုးပမ်းပျိုးထောင်သွားမည်။

၂၉။ **အနုပညာရှင်များနှင့်ပတ်သက်သော သဘောထား။** ပါတီသည် မြန်မာနိုင်ငံရှိ စာပေပညာရှင်၊ ဂီတပညာရှင်၊ သဘင်ပညာရှင်၊ ရုပ်ရှင်ပညာရှင်နှင့် ရိုးရာပန်းပညာရှင်အပါအဝင် အနုပညာရှင်များ၏ နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မှုကို အလေးအနက် အသိအမှတ် ပြုသည်။ အနုပညာရှင်များသည်

အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထိန်းသိမ်းရေးအပြင် မွန်မြတ်သော ဖြဟ္မစိုရ်တရားများ ထွန်းကားရေး အတွက် အနုပညာဖြင့် စည်းရုံးနိုင်စွမ်းရှိပေရာ ထိုအနုပညာရှင်များဘ၀ ပွင့်လန်းဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ကူညီအားပေးသွားမည်။ ထို့ပြင် အနုပညာရှင်များအား ပါတီကို ထောက်ခံသူများအဖြစ် အလေး အနက်ထား စည်းရုံးသွားမည်။ အနုပညာရှင်များ၏ မူပိုင်ခွင့်များ ကာကွယ်ရေးကိုလည်း ကူညီအားပေးသွားမည်။ အနုပညာရှင်များ၏ အနုပညာမြောက်လက်ရာများ နိုင်ငံတကာသို့ ပျံ့နှံ့ရေးအတွက် ခေတ်မီ ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြု ဆောင်ရွက်ပေးမည်။ အနုပညရှင်များ၏ စားဝတ်နေရေး၊ လူမှုရေးအဆင့်အတန်း မြင့်မား တိုးတက်စေရေး ကူညီအားပေးသွားမည်။ အနုပညာရှင်များ ခေတ်မီ နည်းပညာများ သုံးစွဲနိုင်ရေးကိုလည်း မြှင့်တင်ကူညီ အားပေးသွားမည်။

၃၀။ **တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့်ပတ်သက်သော သဘောထား။** တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များသည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောကဏ္ဍမှ ပါဝင် လျက်ရှိသည်ကို အသိအမှတ်ပြုသည်။ တိုင်းရင်းသားစီးပွားရေး လုပ်ငန်း ရှင်များ လိုအပ်သော အရင်းအနှီး၊ အတတ်ပညာ၊ ဈေးကွက်ရရှိရေး၊ ဥပဒေအကာအကွယ် ရရှိရေးတို့ကို ကူညီဖြည့်ဆည်းဆောင်ရွက်

သွားမည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ၏ ဝါးမြိုခြင်းမခံရရေးအတွက် ကာကွယ်မှုပြုသွားမည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအား ခေတ်နှင့်အညီ အရည်အသွေးမြင့် ကုန်ပစ္စည်းထုတ်လုပ်မှုများ၊ ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် လိုအပ်ချက်များကို မိတ်ဆွေနိုင်ငံများ၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် အပြန်အလှန် နှစ်ဦးနှစ်ဘက် အကျိုးဖြစ်ထွန်းစေရန် စီစဉ်ဆောင်ရွက်မည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ နိုင်ငံအကျိုးပြု ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည့် အကူအညီပေးလိုမှုများကို ကြိုဆို၍ ထိရောက်စွာ အကူအညီပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်။

၃၁။ **ဘာသာရေးဆိုင်ရာ သဘောထား။** လူသားအားလုံး မိမိတို့ သက်ဝင်ယုံကြည်အားထားရာ ဘာသာတစ်ခုခုကို ကိုးကွယ်ဆည်းကပ်ကြမြဲ ဖြစ်သည်။ ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ တတ်စွမ်းသမျှ ကူညီအားပေးသွားမည်။ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်းမှ ရှောင်ကြဉ်သွားမည်။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခ ဖြစ်ပေါ်စေနိုင်သော ရေးသားမှု၊ ဟောပြောမှု၊ စည်းရုံးမှုများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သွားမည်။ မိမိတို့ယုံကြည်ရာ ဘာသာအား လွတ်လပ်စွာ ကိုးကွယ် ခွင့်ရှိစေရေးကိုလည်း ဆက်လက်အားပေး ကူညီသွားမည်။

# အခန်း (၂)

# ပါတီအမည်နှင့် အဆောင်အယောင်များ

## ပါတီ၏အမည်

၃၂။ ပါတီ၏အမည်သည် **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ** ဖြစ်သည်။ အတိုကောက်အားဖြင့် **ပြည်ခိုင်ဖြိုးပါတီ** ဟု ခေါ်ဆိုရမည်။

## ပါတီ၏အလံ


၃၃။ ပါတီအလံအရွယ်အစားမှာ အလျား (၉)ပေနှင့် အနံ (၅)ပေရှိ၍ အစိမ်းရောင်အောက်ခံတွင် လက်ဝဲဘက်အပေါ်ထောင့်၌ အနီရောင်အခန်း ရှိသည်။ ထိုအခန်း၏အရွယ်မှာ အလျား(၃၁/၂)ပေ၊ အနံ (၂၁/၂)ပေဖြစ်သည်။ ထိုအနီရောင်အခန်း၏ အလယ်တည့်တည့်တွင် အမြင့် (၁)ပေ (၆)လက်မ ရှိသော ငါ့ထောင့်ကြယ်ဖြူတစ်လုံးရှိသည်။ ပါတီအလံအရွယ်အစား အကြီး၊ အသေးပြုလုပ်ရာတွင် အထက်ပါ အချိုးအစားအတိုင်း ကိုက်ညီမှု ရှိစေရန် ဆောင်ရွက်ရမည်။

၃၄။ ပါတီအလံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အောက်ခံအစိမ်းရောင်၏သဘောမှာ စီးပွားဖွံ့ဖြိုးခြင်းနှင့် အေးချမ်းသာယာခြင်းဖြစ်သည်။

(ခ) အနီရောင်၏သဘောမှာ ရဲစွမ်းသတ္တိရှိခြင်းဖြစ်သည်။

(ဂ) ကြယ်ဖြူတစ်လုံး၏သဘောမှာ တစ်လုံးတစ်စည်းတည်း ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်ခြင်း၊ ကြယ်တို့၏ ဂုဏ်ထူးဝိသေသဖြစ်သော ကိုယ်ပိုင်အလင်းရှိခြင်း၊ မိမိခရီးလမ်းကို ဖြောင့်တန်းစွာ သွားလေ့ရှိခြင်းတို့ ဖြစ်ပါသည်။



**ပါတီ၏တံဆိပ်**

၃၅။ ပါတီ၏တံဆိပ်ကို အောက်ပါအတိုင်းသတ်မှတ်သည် -

(က) အစိမ်းရောင်စက်ဝိုင်းပုံ အချင်း(၁)လက်မတွင် အနီခံဒိုင်း ပါရှိပြီး၊ ဒိုင်း၏ဘေးပတ်လည်တွင် ရွှေဝါရောင်သပြေရွက်များ ပါရှိသည်။

(ခ) ဒိုင်းအတွင်း၌ ခြသေ့်ထိုင်နေပုံကို မြန်မာ့ရိုးရာကောက်ကြောင်းဖြင့် ရေးထားသည်။

(ဂ) ဒိုင်းပုံ၏ ထိပ်တည့်တည့်တွင် အဖြူရောင်ကြယ်တစ်လုံး ပါရှိသည်။

(ဃ) ဒိုင်းပုံ၏ အောက်ဘက် အစိမ်းရောင်ထဲတွင် ပါတီ၏ ဆောင်ပုဒ်ဖြစ်သော **“စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံး”**ကို အဖြူရောင်ဖြင့် ရေးသားထားသည်။

**ပါတီ၏ရုံးတံဆိပ်**

၃၆။ ပါတီ၏ရုံးတံဆိပ်သည် အချင်းနှစ်လက်မရှိသော စက်ဝိုင်းပုံဖြစ်၍ အောက်ပါပုံစံအတိုင်း ဖြစ်သည်။ အောက်ဘက်ကွက်လပ်တွင် မိမိတို့နှင့် သက်ဆိုင်သော ရုံး၊ ဌာနအား ထည့်သွင်းရန်ဖြစ်သည်။ ဗဟိုဌာနချုပ်အား နမူနာအဖြစ် ဖော်ပြထားသည်။




**ပါတီ၏ရင်ထိုးတံဆိပ်**

၃၇။ ပါတီ၏ရင်ထိုးတံဆိပ်သည် ပါတီအလံ တလူလူလွင့်နေသော ပုံဖြစ်သည်။ အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ပါတီအလံတိုင်ရွှေရောင်ဖြစ်သည်။ အမြင့် (၀.၉) လက်မရှိသည်။

(ခ) တလူလူလွင့်နေသော ပါတီအလံအား ရွှေရောင်ကွပ်၍ အချိုးကျပြုလုပ်ထားသည်။ အလံတိုင်ဗဟိုမှ အပြိုင်ရှိနေသော အလံ့အနားစွန်းအထိ ထောင့်မတ်အလျား (၀.၈) လက်မရှိသည်။



၃၈။ ပါတီ၏ တံဆိပ်၊ ရုံးတံဆိပ်နှင့် ပါတီရင်ထိုးတံဆိပ် အသုံးပြုပုံကို ပါတီဗဟိုကော်မတီက သီးခြား ထုတ်ပြန်ပေးမည်။

# အခန်း(၃)

## ပါတီဝင်များ၏ အချက်အလက်သတ်မှတ်ချက်၊ တာဝန်နှင့်ဝတ္တရား၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ရပိုင်ခွင့်များ၊ အရေးယူခြင်း၊ အယူခံခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်းဆိုင်ရာများ

### ပါတီဝင်များတွင်ရှိရမည့် အရည်အချင်း သတ်မှတ်ချက်များ

၃၉။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများကို ပါတီဝင်အဖြစ် စည်းရုံးလက်ခံမည်။ ပါတီဝင်လိုသူများကလည်း အဆိုပြုလွှာတင်သွင်းနိုင်သည် -

(က) တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ ပါတီဝင်အရည်အချင်းများနှင့် ကိုက်ညီသူ။

(ခ) အခြားနိုင်ငံရေးပါတီများ၏ ပါတီဝင်မဟုတ်သူ။

(ဂ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခံစားနေခြင်းမရှိသူ။

(ဃ) ပါတီ၏ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို သက်ဝင်ယုံကြည်၍ ပါတီ၏စည်းကမ်းကို လိုက်နာရန် ကတိသစ္စာပြုသူ။

## ပါတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများ

၄၀။ ပါတီဝင်တစ်ဦးချင်း၏ တာဝန်နှင့်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်တို့နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် အဓွန့်ရှည်တိုးတက်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ခ) ပါတီတွင်း ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြုမူဆက်ဆံဆောင်ရွက်ရမည်။

(ဂ) ပါတီက ယုံကြည်အပ်နှင်းသော လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင် ကျေပွန်အောင် နိုးကြားတက်ကြွထက်သန်စွာ အားထုတ်လုပ်ဆောင်သွားရမည်။

(ဃ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေနှင့် လုံခြုံအေးချမ်းတည်ငြိမ်မှုကို ထိပါးနှောင့်ယှက် ကျူးကျော်မှုမှန်သမျှအား ပြည်သူတို့နှင့် လက်တွဲ၍ အစဉ်သတိပြု ကာကွယ်တွန်းလှန်သွားရမည်။

(င) ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ထားလျက် ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များအား အသက်ဟူသော အကြောင်းကြောင့်ပင် မစွန့်လွှတ်ဘဲ ရဲဝံ့တည်ကြည်သော စိတ်ဓာတ်၊ မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် အောင်မြင်အောင် ခံယူကျင့်သုံးကြိုးပမ်းဖော်ဆောင်ရမည်။

(စ) ပါတီ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကျန်ပါတီဝင်များကိုလည်း စိတ်ရောကိုယ်ပါ နိုးကြားတက်ကြွထက်သန်စွာ ပါဝင်ဆောင်ရွက်လာအောင် စည်းရုံး ဆောင်ရွက်ရမည်။

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ဖွံ့ဖြိုးခိုင်မာစေရန် ကိုယ်တိုင်ကျင့်ကြံခံယူ ကျင့်သုံးခြင်း၊ စည်းရုံး လှုံ့ဆော်အားပေးခြင်းများ ဆောင်ရွက်သွားရမည်။

(ဇ) ပါတီစည်းလုံးညီညွတ်ရေးနှင့် အင်အားတောင့်တင်း ခိုင်မာရေးအတွက် အစဉ်ရှေးရှု သတိပြုကာ အားထုတ် ကြိုးပမ်းလုပ်ဆောင်သွားရမည်။ ပါတီပြိုကွဲစေမည့် အားထုတ်မှုများ၊ လုပ်ရပ်များ မပေါ်ပေါက်ရအောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားရမည်။

(ဈ) ပါတီ၏ အကျိုးစီးပွား၊ ပြည်သူလူထုနှင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်ချက်များ၊ ဆောင်ရွက် သင့်သည့်ကိစ္စများကို အစဉ်လေ့လာကြံဆသုံးသပ်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုတင်ပြသွားရမည်။

(ည) ပြည်သူများ၏ဆန္ဒ၊ ခံစားချက်နှင့် ဘဝအခြေအနေကို နားလည်စာနာ ထောက်ထားပြီး တစ်သားတည်း နေထိုင်ထိတွေ့ဆက်ဆံသွားရမည်။

(ဋ) ပြည်သူများအနေဖြင့် ပါတီ၏မူဝါဒများ၊ လုပ်ငန်းစဉ် များကို ယုံကြည်လက်ခံပြီး ပူးပေါင်း ဆောင်ရွက်လာ အောင်၊ ထောက်ခံအားပေးလာအောင် စည်းရုံးဆောင် ရွက်ရမည်။ ပြည်သူများ၏ ခံစားချက်များ၊ သဘော ထားများ၊ လိုအင်ဆန္ဒများကိုလည်း သက်ဆိုင်ရာ ပါတီအဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြရမည်။

(ဃ) ပြည်တွင်း၊ ပြည်ပအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင်လည်းကောင်း၊ သဘာဝဘေး အန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင်လည်းကောင်း ပြည်သူများကို အကူအညီပေးနိုင်ရန် တက်ကြွစွာပါဝင်ဆောင်ရွက်ရမည်။

**ပါတီဝင်များ၏ကျင့်ဝတ်များ**

၄၁။ ပါတီဝင်တစ်ဦးချင်း၏ ကျင့်ဝတ်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိမိအကျိုးစီးပွားနှင့် ပါတီအကျိုးစီးပွား ယှဉ်လာလျှင် ပါတီ၏ အကျိုးစီးပွားကို ဦးစားပေးရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေနှင့် ပါတီစည်းကမ်းများကို အသိစိတ်ဓာတ်ပြည့်ဝစွာ လိုက်နာသွားမည်။

(ဂ) ပါတီတွင်းဆက်ဆံရေး၌ ရဲဘော်ရဲဘက်စိတ်ထားရှိ၍ ပါတီဝင်အချင်းချင်း ကူညီဖေးမ ပံ့ပိုးကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြုမူဆက်ဆံရမည်။ အခြားပါတီများမှ ပါတီဝင်များ နှင့် ဆက်ဆံရာ၌လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ပြုမူဆက်ဆံရမည်။

(ဃ) ပါတီကပေးအပ်သော လုပ်ငန်းတာဝန်များကို ကျွမ်းကျင်နိုင်နင်း ကျေပွန်စွာ စေတနာထား၍ ကြိုးပမ်းလုပ်ဆောင်သွားရမည်။

(င) မိမိ၏ အသိပညာဗဟုသုတ၊ အတွေးအခေါ် အယူအဆနှင့် အရည်အချင်းများ တိုးတက် မြင့်မားစေရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည်။

(စ) တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင်လည်းကောင်း၊ နေထိုင်ပြုမူဆက်ဆံရာတွင် လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရာတွင်လည်းကောင်း အများက လေးစား ယုံကြည်ရသည့် စံနမူနာပြဖြစ်အောင် ကြိုးပမ်းသွားရမည်။

(ဆ) မိမိအတွက် ပြည်သူတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် "ပါတီသည် ပြည်သူ့အတွက်"ဟူသော စိတ်ထားဖြင့် အစဉ်သတိပြုထိန်းသိမ်းသွားရမည်။

(ဇ) ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်း စောင့်ရှောက်ကာကွယ်သွားရမည်။

(ဈ) မိမိ၏ အားနည်းချို့ယွင်းချက်များကို ဝေဖန်ဆန်းစစ်၍

ပိုမိုပြည့်ဝရင့်ကျက်သည့် ပါတီဝင်ကောင်း၊ နိုင်ငံသားကောင်းတစ်ဦးဖြစ်လာစေရန် ကြိုးစားပြုပြင်သွားမည်။ ပါတီဝင် ရဲဘော်များ၏ ချို့ယွင်းအားနည်းချက်များကိုလည်း စိတ်ရှည်သည်းခံပြီး ရဲဘော်စိတ်ဖြင့် ကူညီပြုပြင်ပေးသွားမည်။ အခြားသူများက ဖြူစင်သောစိတ်ထားဖြင့် မိမိ၏အားနည်းချက်ကို ဝေဖန်ထောက်ပြမှုများကိုလည်း လေးစားစွာလက်ခံ၍ လိုအပ်သလိုလိုက်နာ ပြုပြင်သွားမည်။

**ပါတီဝင်များလိုက်နာရမည့်စည်းကမ်း**

၄၂။ ပါတီဝင်တစ်ဦးချင်း၏ လိုက်နာရမည့်စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။

(ခ) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ပါတီ၏ စည်းကမ်းများကို တိကျစွာလိုက်နာရမည်။

(ဂ) ပါတီ၏သစ္စာကို စောင့်သိရိုသေရမည်။ အခြားမည်သည့် ပါတီ၏ သစ္စာကိုမျှ မခံယူရ။

(ဃ) နိုင်ငံခြားအစိုးရများ၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံခြားသားများနှင့် လျှို့ဝှက်ဆက်သွယ်ခြင်း၊ သတင်းပေးခြင်း၊ နည်းမျိုးစုံဖြင့် ထောက်ပံ့ပေးကမ်းမှုများကို ခံယူခြင်းစသည့် မသင့်လျော်သောလုပ်ရပ်များ၊ နိုင်ငံနှင့်ပါတီ၏ သစ္စာကို ဖောက်ဖျက်ရာကျသော လုပ်ရပ်များကို ရှောင်ကြဉ်ရမည်။

(င) ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်နှင့် သဘောထားများနှင့်အညီ ရပ်တည်ခံယူ ဆောက်တည်ပြီး ပါတီ၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများအတိုင်း လေးစားစောင့်ထိန်း လိုက်နာကျင့်ကြံနေထိုင်သွားရမည်။

(စ) ပြည်သူတို့၏ ယုံကြည်အားကိုးမှုကို လျော့ပါးစေမည့် နေထိုင်ပြောဆို ကျင့်ကြံမှုများကို ရှောင်ကြဉ်ရမည်။

(ဆ) ပါတီတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် အုပ်စု၊ ဂိုဏ်းဂဏဖွဲ့ခြင်း၊ ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ လူမျိုးစွဲ အာဃာတများဖြင့် ပုတ်ခတ်တိုက်ခိုက်ခြင်း၊ ထိပါးပြောဆို ဝေဖန်ခြင်းနှင့် ရိုင်းစိုင်းရှုန့်ရင်းကြမ်းတမ်းသော ပြုမူပြောဆိုမှုများကို ရှောင်ရှားရမည်။

(ဇ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေနိုင်သည့် ပြုမူပြောဆိုမှုနှင့် ကိုးကွယ်ယုံကြည်မှုကို ထိပါးစေနိုင်သည့် ပြုမူပြောဆိုမှုများကို ရှောင်ကြဉ်ရမည်။

(ဈ) အဂတိလိုက်စားခြင်း၊ တံစိုးလက်ဆောင်ရယူခြင်းတို့ကို ရှောင်ကြဉ်ရမည်။

(ည) နိုင်ငံတော်နှင့် ပါတီ၏လျှို့ဝှက်ချက်များကို မပေါက်ကြားအောင် စောင့်ထိန်းရမည်။

(ဋ) ပါတီဝင်အများစုက ဆုံးဖြတ်အတည်ပြုသည့် ကိစ္စများသည် မိမိသဘောထားနှင့် မတိုက်ဆိုင်စေကာမူ အများစု၏ဆန္ဒကို အလေးထားသည့် ဒီမိုကရေစီ ကျင့်စဉ်အရ ကျေပွန်စွာ လိုက်နာဆောင်ရွက်ရမည်။

(ဌ) ပါတီဝင်တစ်ဦးသည် တရားဥပဒေနှင့် ပါတီစည်းကမ်းကို ချိုးဖောက်နေကြောင်း သိရှိလျှင် သက်ဆိုင်ရာပါတီအဖွဲ့အစည်းသို့ဖြစ်စေ၊ ဗဟိုကော်မတီသို့ဖြစ်စေ ချက်ချင်း တင်ပြရမည်။

(ဍ) သတ်မှတ်သော ပါတီကြေးများကို မပျက်မကွက် ပေးသွင်းရမည်။

**ပါတီဝင်တစ်ဦး၏ ရပိုင်ခွင့်များ**

၄၃။ ပါတီဝင်တစ်ဦးချင်း၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပါတီတွင်းအစည်းအဝေးများတွင် ပါတီစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင် ဆွေးနွေး တင်ပြခွင့်ရှိသည်။

(ခ) ပါတီဝင်တိုင်းသည် သတ်မှတ်ထားသော စည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါတီ အဖွဲ့အစည်းနှင့် ညီလာခံအဆင့်ဆင့်တွင် ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးချယ် တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ဂ) နိုင်ငံ့အကျိုး၊ ပါတီအကျိုးကို ရှေးရှုပြီး မိမိထင်မြင် ယူဆချက်နှင့် ယုံကြည်ချက်များကို လွတ်လပ်စွာ ပြောဆို တင်ပြဆွေးနွေးခွင့်ရှိသည်။

(ဃ) ပါတီ၏ ရည်မှန်းချက်နှင့် မူဝါဒများ အောင်မြင်စေရေး အတွက် အထောက်အကူဖြစ်စေမည့် ဝေဖန်သုံးသပ်ချက် များ၊ အကြံပြုချက်များကို သက်ဆိုင်ရာပါတီအဖွဲ့အစည်း များမှ တစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခွင့်ရှိသည်။

(င) ပါတီဝင်တိုင်းသည် မိမိ၏နစ်နာချက်များ၊ မကျေနပ်ချက်များကို သက်ဆိုင်ရာပါတီအဖွဲ့အစည်းသို့ တင်ပြခွင့်ရှိသည်။ ထိုတင်ပြချက်အပေါ် အရေးယူဆောင်ရွက်မှု မရှိလျှင် ဗဟိုကော်မတီသို့တိုင် အဆင့်ဆင့်တင်ပြခွင့်ရှိသည်။

(စ) ပါတီဝင်တိုင်းသည် ပါတီစည်းကမ်းအရ စွဲချက်တင်စုံစမ်းစစ်ဆေးခံရသည့်အခါ လုပ်ထုံးလုပ်နည်းနှင့်အညီ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ တက်ရောက်ခုခံ ရှင်းလင်း ချေပခွင့် ရှိသည်။

(ဆ) ပါတီဝင်တစ်ဦးသည် ပါတီစည်းကမ်းအရ ပြစ်ဒဏ်ချမှတ်ခံရသည့်အခါ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် အယူခံပိုင်ခွင့်ရှိသည်။

(ဇ) ပါတီဝင်တိုင်းသည် မိမိ၏သဘောဆန္ဒအလျောက် ပါတီမှ နုတ်ထွက်ခွင့်နှင့် အနားယူ ခွင့်တောင်းခံနိုင်သည်။

(ဈ) ပါတီဝင်တိုင်းသည် မိမိတို့နှစ်သက်ရာ ဘာသာသာသနာကို လွတ်လပ်စွာ ကိုးကွယ် ယုံကြည်ခွင့်ရှိသည်။

(ည) ပါတီဝင်တိုင်းသည် နိုင်ငံတကာ လူ့ဝှက်အဖွဲ့အစည်းများ၊ အခြားနိုင်ငံရေးပါတီများနှင့် ပတ်သက်ဆက်နွယ်မှု

မရှိသော ဘာသာရေးနှင့်လူမှုရေး ပရဟိတ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**ပါတီစည်းကမ်းအရ အရေးယူခြင်း**

၄၄။ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပါတီစည်းကမ်းကို ချိုးဖောက်သည့်ပါတီဝင်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေးပြီး ပြစ်မှုထင်ရှားပါက အောက်ပါပြစ်ဒဏ်များ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း။

(ခ) ပြင်းထန်စွာ သတိပေးခြင်း။

(ဂ) ပြစ်တင်ရှုံ့ချခြင်း။

(ဃ) ပါတီတာဝန်မှ အဆင့်လျှော့ချခြင်း၊ ရပ်ဆိုင်းခြင်း။

(င) ပါတီဝင်အဖြစ်မှ ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း။

(စ) ပါတီဝင်အဖြစ်မှ အနားပေးခြင်း။

(ဆ) ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း။

၄၅။ ပါတီဗဟိုကော်မတီသည် ပါတီဝင်တစ်ဦး၏ နုတ်ထွက်ခွင့်တင်ပြချက်အပေါ် နုတ်ထွက်ခွင့်ပေးခြင်းပြုနိုင်သည်။

**အယူခံခြင်း**

၄၆။ ပြစ်ဒဏ်များနှင့်ပတ်သက်၍ ပါတီညီလာခံအထိ အဆင့်ဆင့် အယူခံခွင့်ရှိသည်။

**ဂုဏ်ပြုချီးမြှင့်ခြင်း**

၄၇။ ပါတီဗဟိုကော်မတီသည် ပါတီ၏ တာဝန်ကျေပွန်သော၊ ပါတီစည်းကမ်းကောင်းမွန်သော၊ နိုင်ငံ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သော ပါတီဝင်များနှင့် ဂုဏ်ပြုထိုက်သော နိုင်ငံသားများအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်း ပြုမည်။

# အခန်း (၄)

# ပါတီအဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်မှု

## ရည်ရွယ်ချက်

၄၈။ ပါတီအဖွဲ့အစည်း အဆင့်ဆင့်၏ ဖွဲ့စည်းပုံကို မျက်မှောက်ကာလ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒီမိုကရေစီအရေး၊ အခြေအနေ အရပ်ရပ်တို့နှင့် လိုက်လျောညီစွာရှိရေးအပြင် ဖွဲ့စည်းမှု ကျစ်လျစ် သိပ်သည်းခိုင်မာရေး၊ ပိုမိုတိုးချဲ့ဖွဲ့စည်းရေး၊ စနစ်ကျသော ခေါင်းဆောင်မှုကို တည်ဆောက်လေ့ကျင့်ပြီး၊ ဦးဆောင်မှုနှင့် ကွပ်ကဲမှုထိရောက်ရေး၊ ခေါင်းဆောင်မှု အခန်းကဏ္ဍမြင့်မားရေး၊ တညီတညွတ်တည်း လိုက်ပါဆောင်ရွက်ရေး၊ ပါတီအတွင်း ပါတီဝင်တစ်ဦးစီမှ ပါတီဗဟိုကော်မတီအထိ အပြန်အလှန်တင်ပြချက်များ၊ အကြံပြုချက်များ၊ လက်တွေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်နိုင်ရေး၊ ပါတီ၏ရည်ရွယ်ချက်၊ မူဝါဒ၊ ယုံကြည်ချက်၊ ခံယူချက်၊ လုပ်ငန်းစဉ်တို့အား ပါတီဝင်များမှတစ်ဆင့် ကျယ်ပြန့်သောလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေး၊ စည်းကမ်းရှိ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်နှင့် ဒီမိုကရေစီစနစ်သို့ ပြည်သူတို့ကို ဦးဆောင်၍ ချီတက်သွားနိုင်ရေးနှင့် ပါတီအထက်အဖွဲ့အစည်း အဆင့်ဆင့်၏ လမ်းညွှန်မှုကို အောက်ခြေအဖွဲ့အစည်း အဆင့်ဆင့်တို့က

တိကျစွာခံယူ၍ ပို့မိုထိရောက်သွက် လက်စွာ အကောင်အထည် ဖော်နိုင်ရေးတို့အတွက် စနစ်တကျ ကျစ်လျစ်စွာ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ပါတီ၏အဖွဲ့အစည်းများ**

၄၉။ ပါတီအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းသွားရန် ဖြစ်ပါသည် -

(က) အခြေခံအဖွဲ့။

(ခ) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုပါတီအဖွဲ့။

(ဂ) မြို့နယ်၊ မြို့နယ်ခွဲ ပါတီကော်မတီ။

(ဃ) ခရိုင်ပါတီကော်မတီ။

(င) တိုင်းနှင့်ပြည်နယ် ပါတီကော်မတီ။

(စ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ။

(ဆ) ပါတီဗဟိုကော်မတီ။

(ဇ) ပါတီညီလာခံ။

**အခြေခံအဖွဲ့**

၅၀။ အခြေခံအဖွဲ့များသည် ပါတီ၏ အခြေခံအကျဆုံးသော အဖွဲ့အစည်းဖြစ်ပြီး ပါတီဝင်များဖြင့်သာ ဖွဲ့စည်းရန်ဖြစ်သည်။ ပါတီဝင်တစ်ဦးစီအား ပါတီကို ယုံကြည်သော ပါတီမိတ်ဆွေများဖြင့် ဝန်းရံရမည်။ ၎င်းကဲ့သို့ ဝန်းရံခြင်းကို ပါတီမိတ်ဆွေစုဟုခေါ်သည်။ ၎င်းအခြေခံအဖွဲ့များသည် ပါတီဝင်တစ်ဦးချင်း၏ လှုပ်ရှားမှုကို အဖွဲ့လိုက်လှုပ်ရှားမှုဖြစ်စေရန်လည်းကောင်း၊ ခေါင်းဆောင်မှုနှင့်ကွပ်ကဲမှု ထိရောက်စေရန်လည်းကောင်း၊ ပြည်သူများ၏ဆန္ဒနှင့် ခံစားချက်များကို ပါတီ၏ စည်းရုံးလှုပ်ရှားမှုနှင့် ဆက်သွယ် ပေါင်းကူးပေးနိုင်ရန်လည်းကောင်း စုစည်းထားသော အဖွဲ့အစည်းဖြစ်သည်။ ပါတီအနေဖြင့် လိုအပ်ချိန်တွင် လိုအပ်သလို အင်အားကို စုစည်းပြီး ခေါင်းဆောင်မှု၊ ကွပ်ကဲမှုအဆင့်ဆင့်ဖြင့် စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အခြေခံအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **အခြေခံအဖွဲ့**။ ၎င်းအဖွဲ့တွင် ခေါင်းဆောင်တစ်ဦး၊ ဒုတိယခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်(၈)ဦး၊ စုစုပေါင်း(၁၀)ဦးပါဝင်မည်။ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင် တစ်ဦးတို့ကို အဖွဲ့ဝင်များအတွင်းမှ ရွေးချယ်တင်မြှောက်ရမည်။

(ခ) **အခြေခံအဖွဲ့စိတ်။** ၎င်းအဖွဲ့ကို အခြေခံအဖွဲ့(၁၀)ဖွဲ့ဖြင့် ဖွဲ့စည်းရမည်။ အရေအတွက်အားဖြင့် စုစုပေါင်း (၁၀၀)ဦး ပါဝင်ရမည်။ ၎င်းအဖွဲ့တွင် ခေါင်းဆောင်(၁)ဦးနှင့် ဒုတိယ ခေါင်းဆောင်(၁)ဦးရှိရမည်။ ၎င်းခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့ကို အခြေခံ အဖွဲ့ခေါင်းဆောင် များထဲမှ ရွေးချယ်တင်မြှောက်ရမည်။

(ဂ) **အခြေခံအဖွဲ့စု။** ၎င်းအဖွဲ့ကို အခြေခံအဖွဲ့စိတ် (၁၀)စိတ်ဖြင့် ဖွဲ့စည်းရမည်။ အရေအတွက်အားဖြင့် စုစုပေါင်း (၁၀၀၀)ဦးပါဝင်ရမည်။ ၎င်းအဖွဲ့တွင် ခေါင်းဆောင်(၁)ဦး နှင့် ဒုတိယခေါင်းဆောင်(၁)ဦး ရှိရမည်။ ၎င်းခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင် တို့ကို အခြေခံအဖွဲ့စိတ် ခေါင်းဆောင်များထဲမှ ရွေးချယ် တင်မြှောက်ပေးရမည်။

၅၁။ ၎င်းအခြေခံအဖွဲ့များသည် ကျေးရွာတစ်ခုချင်းကို သော်လည်း ကောင်း၊ ရပ်ကွက်၏ လမ်းတစ်ခု ချင်းကိုသော်လည်းကောင်း အခြေခံ၍ ဖွဲ့စည်းရမည်။ အခြေခံအဖွဲ့၊ အခြေခံအဖွဲ့စိတ်၊ အခြေခံအဖွဲ့စု များကို အဖွဲ့ဝင်အရေအတွက်ပေါ်မူတည်၍ အပိုအလိုဖြင့် ဖွဲ့စည်းနိုင်သည်။ ဥပမာ- ကျေးရွာတစ်ရွာ သို့မဟုတ် ရပ်ကွက်တစ်ခုတွင် ပါတီဝင်အင်အား

(၂၄)ဦးရှိပါက အခြေခံအဖွဲ့ကို (၈)ဦးစီပါဝင်သော အဖွဲ့(၃)ဖွဲ့ဖြင့် လည်းကောင်း၊ သို့မဟုတ် (၁၂)ဦးစီပါဝင်သော အဖွဲ့ (၂)ဖွဲ့ဖြင့် လည်းကောင်း ဖွဲ့စည်းရန်ဖြစ်သည်။

၅၂။ အခြေခံအဖွဲ့စိတ်နှင့်ပတ်သက်၍ ပါတီဝင်ဦးရေ (၅၀)ဦးနှင့် အထက်ရှိပါက အခြေခံအဖွဲ့စိတ် တစ်ခုအဖြစ် ဖွဲ့စည်းရမည်။ ၎င်းအခြေခံ အဖွဲ့စိတ်ဖွဲ့ရာတွင် ပါတီဝင်ဦးရေ (၁၅၀)ဦးနှင့်အထက်ရှိပါက အခြေခံ အဖွဲ့စိတ်နှစ်ခုဖွဲ့ရန် ဖြစ်သည်။ ၎င်းမှုအတိုင်း ပါတီဝင်ဦးရေ(၂၅၀)ဦး နှင့်အထက်ရှိပါက အခြေခံ အဖွဲ့စိတ် သုံးခု၊ ပါတီဝင်ဦးရေ (၃၅၀)ဦး နှင့်အထက်ရှိပါက အခြေခံအဖွဲ့စိတ်လေးခု စသည်ဖြင့် ဖွဲ့စည်းရန် ဖြစ်သည်။

၅၃။ ထို့အတူ အခြေခံအဖွဲ့စု ဖွဲ့စည်းရာတွင် ပါတီဝင်ဦးရေ (၅၀၀)ဦး နှင့်အထက်ရှိပါက အခြေခံ အဖွဲ့စု (၁)စုအဖြစ် ဖွဲ့စည်းရမည်။ ပါတီဝင် ဦးရေ (၁၅၀၀)ဦးနှင့်အထက်ရှိပါက အခြေခံအဖွဲ့စု (၂)စု ဖွဲ့စည်းရန် ဖြစ်သည်။ ၎င်းမှုအတိုင်း ပါတီဝင်ဦးရေ (၂၅၀၀)ဦးနှင့်အထက်ရှိပါက အခြေခံအဖွဲ့စု (၃)စု၊ ပါတီဝင်ဦးရေ (၃၅၀၀)ဦးနှင့်အထက်ရှိပါက အခြေခံအဖွဲ့စု (၄)စု စသည်ဖြင့် ဖွဲ့စည်းရန်ဖြစ်သည်။

၅၄။ ထိုကဲ့သို့ အခြေခံအဖွဲ့များ ဖွဲ့စည်းရာတွင် နီးစပ်ရာ ဆက်စပ် ဖွဲ့စည်းရန်ဖြစ်သည်။ ဥပမာ- ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်း၌

အခြေခံအဖွဲ့ ဖွဲ့စည်းရာတွင် နေထိုင်ရာအပိုင်း သို့မဟုတ် လမ်းအလိုက် နီးစပ်ရာ ဖွဲ့စည်းရန်ဆိုလိုသည်။ အခြေခံအဖွဲ့စိတ်နှင့် အခြေခံအဖွဲ့စုများ ဖွဲ့စည်းရာတွင် လည်း ထိုနည်းအတိုင်း ဆက်စပ်ဖွဲ့စည်းသွားရန်ဖြစ်သည်။

၅၅။ အခြေခံအဖွဲ့ခေါင်းဆောင်များ သက်တမ်းသည် (၃)နှစ်ဖြစ်သည်။ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များကို (၃)နှစ်တစ်ကြိမ် ကျင်းပသော စုံညီအစည်းအဝေး၌ ပါတီဝင်များက ရွေးချယ် တင်မြှောက် တာဝန်ပေးရမည်။

၅၆။ အကြောင်းကြောင်းကြောင့် ခေါင်းဆောင်နေရာ လစ်လပ်လျှင် ၎င်းနေရာအတွက် ကြားဖြတ် ရွေးချယ်တင်မြှောက်နိုင်သည်။ ယင်း ရွေးချယ်တင်မြှောက်ခံရသူ၏ သက်တမ်းသည် ရှိပြီးဖြစ်သော သက်တမ်း၏ ကျန်သက်တမ်းနှင့်အညီ ဖြစ်ရမည်။

## ရပ်ကွက်၊ ကျေးရွာအုပ်စု ပါတီအဖွဲ့

၅၇။ ရပ်ကွက်၊ ကျေးရွာအုပ်စု ပါတီအဖွဲ့သည် အခြေခံအဖွဲ့များ၏ စည်းရုံးလှုပ်ရှားမှု၊ လုပ်ငန်းဆောင်ရွက်မှုတို့ကို အထက်အဖွဲ့အစည်း များနှင့် ဆက်စပ်ပြီး မိမိတို့ရည်မှန်းချက် အောင်မြင်ရေးအတွက် ခေါင်းဆောင်မှုနှင့် ကွပ်ကဲမှုပေးနိုင်ရန် ဖွဲ့စည်းသောအဖွဲ့ဖြစ်သည်။

၎င်းရပ်ကွက်၊ ကျေးရွာအုပ်စု ပါတီအဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁)ခုလျှင် ပါတီအဖွဲ့ (၁)ခုစီ ဖွဲ့စည်းရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပါတီအဖွဲ့အောက်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အကြီးအသေးကိုလိုက်၍ အခြေခံအဖွဲ့၊ အခြေခံအဖွဲ့စိတ်နှင့် အခြေခံအဖွဲ့စုများ ပါဝင်နေရမည်။

(ဂ) အချို့လူဦးရေနှင့် ပါတီဝင်အင်အား နည်းလွန်းသော ရပ်ကွက်များကိုမူ ဆက်စပ်နီးစပ် ရာရပ်ကွက်ချင်း စုစည်းပြီး ပါတီအဖွဲ့ကို ဖွဲ့စည်းရမည်။

(ဃ) ပါတီဝင်အင်အား အနည်းအများပေါ် မူတည်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပါတီအဖွဲ့ကို အနည်းဆုံး အဖွဲ့ခေါင်းဆောင် (၁)ဦး၊ ဒုတိယခေါင်းဆောင် (၁)ဦးဖြင့် ဖွဲ့စည်းရမည်။

(င) ၎င်းပါတီအဖွဲ့ခေါင်းဆောင်များကို အခြေခံအဖွဲ့စု ခေါင်းဆောင်များထဲမှ ရွေးချယ် တင်မြှောက်ရမည်။ အခြေခံအဖွဲ့စုမရှိပါက အခြေခံအဖွဲ့စိတ် ခေါင်းဆောင်

များထဲမှ ရွေးချယ်တင်မြှောက်ရမည်။ အခြေခံအဖွဲ့စိတ် မရှိပါက အခြေခံအဖွဲ့ခေါင်းဆောင်များထဲမှ ရွေးချယ် တင်မြှောက်ရမည်။

(စ) ရပ်ကွက်၊ ကျေးရွာအုပ်စု ပါတီအဖွဲ့ခေါင်းဆောင်များ သက်တမ်းသည် (၃)နှစ်ဖြစ်သည်။

(ဆ) ပါတီ၏ ရည်ရွယ်ချက်များ၊ သန္နိဋ္ဌာန်၊ မူဝါဒ၊ လုပ်ငန်းစဉ် နှင့် တာဝန်ဝတ္တရားများကို မိမိတို့နယ်မြေအလိုက် ပေါ်ပေါက်နေသည့် အခြေအနေ၊ အချိန်အခါအရ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စည်းရုံး ဦးဆောင်မှုပြုရမည်။

(ဇ) မိမိလက်အောက်ရှိ အဖွဲ့များကို လိုအပ်သလို ကြီးကြပ် ကွပ်ကဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပူးပေါင်းဆောင် ရွက်ခြင်း၊ တညီတညွတ်တည်း လိုက်ပါဆောင်ရွက် တတ်အောင်၊ အဖွဲ့လိုက် လုပ်ငန်းများ ဆောင်ရွက် တတ်အောင် လေ့ကျင့်ခြင်းများ ပြုလုပ်ပေးရမည်။

(ဈ) "စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေး"ဟူသော လုပ်ငန်းစဉ်အတိုင်း ပြည်သူ လူထု၏ ချစ်ခင်လေးစားအားထားမှုကို ရယူနိုင်မည့် နည်းလမ်းအားလုံးကို အသုံး ပြုရမည်။

## မြို့နယ်၊ မြို့နယ်ခွဲ ပါတီကော်မတီ

၅၈။ မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီများကို ပါတီက ချမှတ်ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်၊ မူဝါဒ များနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခြင်းဖြစ်သည်။

၅၉။ ပါတီက ချမှတ်ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ခွဲပါတီကော်မတီကို ဖွဲ့စည်းထားသော်လည်း ၎င်းမြို့နယ်ခွဲပါတီကော်မတီများသည် သက်ဆိုင်ရာမြို့နယ် ပါတီကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူဆောင်ရွက်ရမည်ဖြစ်သည်။ မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီတွင် ပါဝင်သည့် ကော်မတီဝင်များကို ပါတီ၏ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက် ရမည်။

(ခ) မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီကို ဖွဲ့စည်းရာတွင် မြို့နယ်အတွင်းပါဝင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနှင့် ပါတီဝင်အင်အား အနည်း၊ အများပေါ်

မူတည်၍ ကော်မတီဝင် (၉)ဦးမှ (၁၅)ဦးအထိ ဖွဲ့စည်းနိုင်သည်။

(ဂ) မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီဝင် ဦးရေကို ပါတီဗဟိုကော်မတီက အခါအားလျော်စွာ ပြင်ဆင် သတ်မှတ်နိုင်သည်။

(ဃ) မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီတွင် အတွင်းရေးမှူး (၁)ဦးနှင့် ကော်မတီဝင်များ ပါရှိရမည်။

(င) မြို့နယ်၊ မြို့နယ်ခွဲပါတီကော်မတီ၏ သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

(စ) ပါတီ၏ ရည်ရွယ်ချက်များ၊ မူဝါဒ၊ လုပ်ငန်းစဉ်နှင့် တာဝန်ဝတ္တရားများကို မိမိတို့နယ်မြေအလိုက် ပေါ်ပေါက်နေသည့် အခြေအနေ၊ အချိန်အခါအရ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စည်းရုံးဦးဆောင်မှုပြုရမည်။

(ဆ) မိမိလက်အောက်ရှိ အဖွဲ့များကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း တို့ကို ပြုလုပ်ရမည်။ အဖွဲ့လိုက်လုပ်ငန်းများ ဆောင်ရွက်တတ်အောင်၊ တညီတညွတ်တည်း လိုက်ပါဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးရမည်။

(ဇ) "စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေး"ဟူသော လုပ်ငန်းစဉ်အတိုင်း ပြည်သူလူထု၏ ချစ်ခင်လေးစားအားထားမှုကို ရယူနိုင်မည့် နည်းလမ်းအားလုံးကို အသုံးပြုရမည်။

**ခရိုင်ပါတီကော်မတီ**

၆၀။ ခရိုင်ပါတီကော်မတီများကို ပါတီက ချမှတ်ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ၎င်း၏ လက်အောက်ရှိ မြို့နယ်၊ မြို့နယ်ခွဲ ပါတီကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပါတီအဖွဲ့များနှင့် အခြေခံအဖွဲ့များကို ဦးဆောင်ကွပ်ကဲ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းရခြင်းဖြစ်သည်။ ခရိုင်ပါတီကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခရိုင်ပါတီကော်မတီတွင်ပါဝင်သည့် ကော်မတီဝင်များကို ပါတီ၏ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ခရိုင်ပါတီကော်မတီကို ဖွဲ့စည်းရာတွင် ခရိုင်အတွင်း၌ ပါဝင်သည့် မြို့နယ်နှင့် ပါတီဝင် အင်အား အနည်း၊

အများပေါ်မူတည်၍ ကော်မတီဝင် (၇)ဦးမှ (၉)ဦးအထိ ဖွဲ့စည်း နိုင်သည်။

(ဂ) ကော်မတီဝင်ဦးရေကို ပါတီဗဟို ကော်မတီက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ် နိုင်သည်။

(ဃ) ခရိုင်ပါတီကော်မတီတွင် အတွင်းရေးမှူး (၁)ဦးနှင့် ကော်မတီဝင်များ ပါရှိရမည်။

(င) ခရိုင်ပါတီကော်မတီ၏ သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

(စ) ပါတီ၏ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ်နှင့် တာဝန်ဝတ္တရားများကို မိမိတို့ နယ်မြေအလိုက် ပေါ်ပေါက်နေသည့် အခြေအနေ၊ အချိန်အခါအရ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စည်းရုံး ဦးဆောင်မှုပြုရမည်။

(ဆ). မိမိလက်အောက်ရှိ အဖွဲ့များကို လိုအပ်သလို ကြီးကြပ် ကွပ်ကဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းတို့ကို ပြုလုပ်ရမည်။ အဖွဲ့လိုက်လုပ်ငန်းများ ဆောင်ရွက်တတ်အောင်၊ တညီတညွတ်တည်း လိုက်ပါ ဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးရမည်။

(ဇ) နယ်မြေအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်နှင့် ခရိုင်ပါတီ ကော်မတီဝင်များသည် မြို့နယ်များသို့ အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဈ) "စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေး"ဟူသော လုပ်ငန်းစဉ်အတိုင်း ပြည်သူလူထု၏ ချစ်ခင်လေးစားအားထားမှုကို ရယူနိုင်မည့် နည်းလမ်းအားလုံးကို အသုံး ပြုရမည်။

## တိုင်းနှင့်ပြည်နယ် ပါတီကော်မတီ

၆၁။ တိုင်းနှင့်ပြည်နယ်ပါတီကော်မတီများကို ပါတီက ချမှတ်ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုပါတီကော်မတီများ၊ ခရိုင်ပါတီကော်မတီများ၊ မြို့နယ်၊ မြို့နယ်ခွဲ ပါတီကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပါတီအဖွဲ့များနှင့် အခြေခံအဖွဲ့များကို ဦးဆောင်ကွပ်ကဲဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းခြင်းဖြစ်သည်။ တိုင်းနှင့်ပြည်နယ်ပါတီကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်း

တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းနှင့်ပြည်နယ် ပါတီကော်မတီတွင် ပါဝင်သည့် ကော်မတီဝင်များကို ပါတီ၏ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင် မြှောက်ရမည်။

(ခ) တိုင်းနှင့်ပြည်နယ် ပါတီကော်မတီကို ဖွဲ့စည်းရာတွင် တိုင်းနှင့်ပြည်နယ်အတွင်း ပါဝင်သည့် ခရိုင်နှင့် ပါတီဝင် အင်အား အနည်းအများပေါ် မူတည်၍ အဖွဲ့ဝင် (၉)ဦးမှ (၁၅)ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည်။

(ဂ) ကော်မတီဝင်ဦးရေကို ပါတီဗဟို ကော်မတီက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင် သည်။

(ဃ) တိုင်းနှင့်ပြည်နယ် ပါတီကော်မတီတွင် အတွင်းရေးမှူး (၁)ဦးနှင့် အမှုဆောင်အဖွဲ့ဝင်များ ပါရှိရမည်။

(င) တိုင်းနှင့်ပြည်နယ် ပါတီကော်မတီ၏ သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

(စ) ပါတီ၏ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ်နှင့် တာဝန်ဝတ္တရားများကို မိမိတို့ နယ်မြေအလိုက် ပေါ်ပေါက်နေသည့် အခြေအနေ၊ အချိန်အခါအရ

အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စည်းရုံး ဦးဆောင်မှု ပြုရမည်။

(ဆ) မိမိလက်အောက်ရှိ အဖွဲ့အစည်းများကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။ အဖွဲ့လိုက် လုပ်ငန်း များ ဆောင်ရွက်တတ်အောင်၊ တညီတညွတ်တည်း လိုက်ပါဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးရမည်။

(ဇ) "စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေး"ဟူသော လုပ်ငန်းစဉ်အတိုင်း ပြည်သူ လူထု၏ ချစ်ခင်လေးစား အားထားမှုကို ရယူနိုင်မည့် နည်းလမ်းအားလုံးကို အသုံးပြုရမည်။

## ဗဟိုအလုပ်အမှုဆောင်ကော်မတီ

၆၂။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါတီဗဟို ကော်မတီက လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ် တင်မြှောက်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီဗဟို ကော်မတီကို စုပေါင်းတာဝန်ခံရမည်။ ပါတီညီလာခံ တစ်ခုနှင့် တစ်ခုအကြားတွင် ပါတီဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှဲအပ်ထားသော လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့ (၅)ဦးနှင့် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင်များ ပါဝင်သည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အင်အား (၂၀)ဦးမှ (၃၀)ဦးအထိ ဖွဲ့စည်းနိုင်သည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

(စ) ပါတီဗဟိုကော်မတီအစည်းအဝေးက ဆုံးဖြတ်ချမှတ် ခဲ့သော မူဝါဒများနှင့် လုပ်ငန်းစီမံချက်များကို ပါတီ အဖွဲ့အစည်း အဆင့်ဆင့်နှင့် ပါတီဝင်များက အကောင် အထည်ဖော်ရန် ညွှန်ကြားခြင်း၊ ညှိနှိုင်းအကောင်အထည် ဖော်ရန် ဦးဆောင်မှုပေးခြင်းများ ပြုရမည်။

(ဆ) အဆင့်ဆင့်သော ပါတီအဖွဲ့အစည်းများက တင်ပြသော အစီရင်ခံစာများနှင့် လုပ်ငန်းရပ်များကို လေ့လာစိစစ်ခြင်း၊ အဆုံးအဖြတ်နှင့် လမ်းညွှန်မှုပေးခြင်းများ ဆောင်ရွက်ရမည်။

(ဇ) ပါတီဗဟိုကော်မတီ၏ကိုယ်စား ဆောင်ရွက်ချက်များကို ပါတီဗဟိုကော်မတီ ပုံမှန်အစည်းအဝေးတိုင်းတွင် အစီရင်ခံခြင်း၊ အတည်ပြုချက်ရယူခြင်း ပြုရမည်။

(ဈ) ပါတီအမှုဆောင်များနှင့် ပါတီဝင်များ၏ အရည်အချင်း တိုးတက်မြင့်မားရေးကို ရှေးရှု၍ အခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ ပြုလုပ်နိုင်ရေးအတွက် လမ်းညွှန်မှု ပေးရမည်။

(ည) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီ၏ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်မှု လုပ်ငန်းအဝဝကို တာဝန်ခံဆောင်ရွက်ရမည်။

(ဋ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီ၏ ပြည်တွင်းပြည်ပသို့ သတင်းဖြန့်ချိရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

(ဌ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် တိုင်းနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် နယ်မြေတာဝန်ခံများအဖြစ် သီးခြားတာဝန်ယူ၍ မိမိနယ်မြေအတွင်း အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ရမည်။

**ပါတီဗဟိုကော်မတီ**

၆၃။ ပါတီဗဟိုကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပါတီဗဟိုကော်မတီကို ပါတီညီလာခံမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်တင်မြှောက်မည်။

(ခ) ပါတီဗဟိုကော်မတီကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် အင်အား (၁၅၀)ဦး၊ အရန်ပါတီ ဗဟိုကော်မတီဝင် (၅၀)ဦး၊ ပေါင်း (၂၀၀)ဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပါတီဗဟိုကော်မတီသည် ပါတီညီလာခံကို တာဝန်ခံရမည်။

(ဃ) ပါတီဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေ အတွင်း

ရေးမှူး (၁)ဦးစီနှင့် အတွင်းရေးမှူးအဖွဲ့ဝင် (၅)ဦး ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

(င) ပါတီဗဟိုကော်မတီက ရွေးချယ်တင်မြှောက်လိုက်သော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူးတို့သည် ပါတီဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပါတီတစ်ခုလုံးတို့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဘက်အထွေထွေအတွင်းရေးမှူးတို့လည်း ဖြစ်ကြသည်။

(စ) ပါတီညီလာခံက သတ်မှတ်တာဝန်ပေးအပ်သော တာဝန်များကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရမည်။ ဆောင်ရွက်ချက်များကို အနီးစပ်ဆုံး ပါတီညီလာခံသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဆ) ပါတီ၏ လုပ်ငန်းများနှင့်ပတ်သက်သည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းတို့ကို ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမူဘောင်များအတွင်းမှ ဆုံးဖြတ်ချမှတ်နိုင်သည်။ ဤဆုံးဖြတ်ချက်များကို အနီးကပ်ဆုံး ပါတီညီလာခံတွင် အတည်ပြုချက် ရယူရမည်။

(ဇ) ပါတီအဆင့်ဆင့်ဖွဲ့စည်းမှု ခိုင်မာကျစ်လျစ်ရေး၊ သဘောတရား ခံယူကျင့်သုံးမှု တိုးတက် မြင့်မားရေးနှင့် စည်းရုံးရေးလုပ်ငန်း အစဉ်ရှင်သန်ထက်မြက်နေရေး တို့အတွက် အစီအမံများ ချမှတ်ရမည်။

(ဈ) ပါတီဝင်အသစ်များ ရရှိရေးနှင့် လူငယ်ထုကို စည်းရုံးရေး အတွက် မူဝါဒအစီအမံများ ချမှတ်ရမည်။

(ည) အမျိုးသားအကျိုးစီးပွား အောင်မြင်ရေးနှင့် ကာကွယ်ရေး အတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေး အတွက် လူတန်းစားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရန် မူဝါဒများ ချမှတ်ပေးရမည်။

(ဋ) ပါတီအတွက် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စီမံခန့်ခွဲရေး ဆိုင်ရာ မူဝါဒများ ချမှတ်ပေးရမည်။

(ဌ) ပါတီဗဟိုကော်မတီသည် အောက်ပါကော်မတီ အဖွဲ့ အစည်းများ ဖွဲ့စည်းခြင်း၊ အင်အား နှင့်လုပ်ငန်းတာဝန် သတ်မှတ်ခြင်းတို့ကို ပြုလုပ်ရမည် -

(၁) လုပ်ငန်းစိစစ်ရေးကော်မတီ

(၂) စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(၃) ဗဟိုဌာနများ

(၄) ဗဟိုရေးရာကော်မတီများ

(၅) ဗဟိုလုပ်ငန်းအဖွဲ့အစည်းများ

(၆) သင်တန်းကျောင်း

(၇) မော်ကွန်းတိုက်

(၈) ဌာနချုပ်ရုံး

(ခ) ဗဟိုရေးရာကော်မတီများ၏ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဗဟိုဌာနကြီးမှူးများနှင့် ဗဟိုလုပ်ငန်းအဖွဲ့အစည်းများ၏ ဌာနကြီးမှူးများကို ပါတီဗဟိုကော်မတီဝင်များထဲ မှ တာဝန်ပေးအပ်ရမည်။

(ဂ) ပါတီဗဟိုကော်မတီသည် ၎င်း၏လုပ်ပိုင်ခွင့်များအနက် သင့်တော်သော လုပ်ပိုင်ခွင့်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ အပ်နှင်းနိုင်သည်။

(ဃ) ပါတီဗဟိုကော်မတီသည် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ ဆောင်ရွက်ပုံ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သီးခြားထုတ်ပြန်ညွှန်ကြားရမည်။

(င) ပါတီဗဟိုကော်မတီ၏ သက်တမ်းသည် ပါတီဗဟိုကော်မတီအသစ် ရွေးချယ်တင်မြှောက် ပြီးသည်အထိ ဖြစ်သည်။

## ပါတီညီလာခံ

၆၄။ ပါတီညီလာခံကို (၅)နှစ်လျှင် အနည်းဆုံး (၁)ကြိမ်ကျင်းပရမည်။ ပါတီညီလာခံ၏ သက်တမ်းသည် ယင်းပါတီညီလာခံကျင်းပသည့် နေ့မှစ၍ သာမန်အားဖြင့် (၅)နှစ်ဖြစ်သည်။ ပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိ၍ ဆန္ဒမဲပေးခွင့်ရှိသူကိုယ်စားလှယ်ဦးရေ၏ ၇၅% သဘောတူလျှင် ယင်းပါတီညီလာခံ၏သက်တမ်းကို တိုး၍သော်လည်းကောင်း၊ လျှော့၍သော်လည်းကောင်း ပြင်ဆင်သတ်မှတ်နိုင်သည်။

၆၅။ ပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ၏ ၇၅% တက်ရောက်မှ အထမြောက်သည်။

၆၆။ ပါတီညီလာခံတွင် ညီလာခံသက်တမ်းအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို တင်ပြလေ့လာသုံးသပ်ဆွေးနွေး၍ လာမည့်သက်တမ်းအတွက် ပါတီ၏လိုအပ်သည့်မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးရန်ဖြစ်သည်။

၆၇။ ပါတီညီလာခံသည် ဆုံးဖြတ်ချက်များကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ရမည် -

(က) ပါတီတစ်ရပ်လုံး၏ ရည်မှန်းချက်၊ ယုံကြည်ချက် သန္နိဋ္ဌာန်နှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များကို ပါတီညီလာခံ

တက်ရောက်ခွင့်ရှိ၍ မဲဆန္ဒပေးခွင့်ရှိသော ကိုယ်စားလှယ် ဦးရေ၏ ၇၅% မဲဖြင့်သာ ဆုံးဖြတ်ရမည်။

(ခ) ကျန်ကိစ္စရပ်များကို ပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိ၍ မဲဆန္ဒပေးခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော် မဲဖြင့်သာ ဆုံးဖြတ်ရမည်။

၆၈။ အရေးပေါ်ပါတီညီလာခံကို အောက်ပါအခြေအနေများတွင် ခေါ်ယူကျင်းပနိုင်သည် -

(က) နောက်ဆုံးအကြိမ် ကျင်းပသည့် ပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ဦးရေ၏ သုံးပုံတစ်ပုံကျော်က တောင်းဆိုလျှင်။

(ခ) ပါတီဗဟိုကော်မတီဝင် ထက်ဝက်ကျော်က တောင်းဆိုလျှင်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီက ပါတီအတွက် အရေးကြီးသောကိစ္စရပ်များနှင့် နိုင်ငံအတွက် အရေးကြီးသော အရေးအခင်းများရှိ၍ ခေါ်ယူလိုလျှင်။

၆၉။ အရေးပေါ်ပါတီညီလာခံ ထမြောက်ခြင်းနှင့်ဆုံးဖြတ်ခြင်းများသည် သာမန်အချိန် ပါတီညီလာခံ ကျင်းပသည့်အတိုင်းပင်ဖြစ်သည်။

## ပါတီအဆင့်ဆင့်၏ဖွဲ့စည်းပုံ

၇၀။ ဖွဲ့စည်းပုံဇယားကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

## ဥက္ကဋ္ဌ

၇၁။ ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ပါတီဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပါတီကို တာဝန်ခံဦးဆောင်ရမည်။

## ဒုတိယဥက္ကဋ္ဌ

၇၂။ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌကို တာဝန်ခံရမည်။ ဥက္ကဋ္ဌကို အထောက်အကူပြုရမည့်အပြင် အောက် ပါတာဝန်များကို ထမ်းဆောင်ရမည် -

(က) ဥက္ကဋ္ဌမှ တာဝန်ထမ်းဆောင်မှု အကြောင်းတစ်ခုခုကြောင့် ယာယီပျက်ကွက်လျှင် ဥက္ကဋ္ဌ၏တာဝန်ကို ပူးတွဲထမ်းဆောင်ရမည်။

(ခ) ဥက္ကဋ္ဌက ပေးအပ်သော အခြားတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

**အထွေထွေအတွင်းရေးမှူး**

၃၃။ အထွေထွေအတွင်းရေးမှူးသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟို အလုပ်အမှုဆောင် ကော်မတီကို တာဝန်ခံရမည်။ ထို့ပြင် အောက်ပါ တာဝန်များကို ထမ်းဆောင်ရမည် -

(က) အတွင်းရေးမှူးများ၊ ဗဟိုရေးရာကော်မတီများ၊ ဗဟို ဌာနကြီးများနှင့် ဗဟိုလုပ်ငန်းအဖွဲ့ အစည်းများကို ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အဆုံးအဖြတ် ပြုနိုင်ရေးအတွက် အထောက်အကူ ပြုရမည်။

(ဂ) ပါတီစည်းရုံးလှုပ်ရှားရေး၊ လေ့ကျင့်ပညာပေးရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများကို တာဝန် ယူဆောင်ရွက်ရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်များကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်လျှင် နိုင်ငံတော်အဖွဲ့အစည်းများ၊ လူထု လူတန်းစား အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆက်သွယ် ဆောင်ရွက်နိုင်သည်။

**တွဲဘက်အထွေထွေအတွင်းရေးမှူး**

၃၄။ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အထောက်အကူပြုရန်ဖြစ်ပြီး အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရမည်။

**ပါတီလုပ်ငန်းစိစစ်ရေးကော်မတီ**

၃၅။ ပါတီလုပ်ငန်းစိစစ်ရေးကော်မတီကို ပါတီဗဟိုကော်မတီဝင်များထဲမှ သင့်တော်သောအင်အားဖြင့် ဖွဲ့စည်းပေးရမည်ဖြစ်ပြီး ၎င်းကော်မတီအတွက် လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို ပါတီဗဟိုကော်မတီမှ သီးသန့်ထုတ်ပြန်သတ်မှတ်ပေးရမည်။ သာမန်အားဖြင့် ဘဏ္ဍာရေးဆိုင်ရာများ၊ ပါတီအဆင့်ဆင့်၏ လုပ်ငန်းများသည် ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မူဝါဒများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရန်ဖြစ်သည်။ ၎င်းကော်မတီအတွက် လိုအပ်သောရုံးအဖွဲ့ကို ပါတီဗဟိုကော်မတီဌာနချုပ်ရုံးမှ ဖွဲ့စည်းပေးရမည်။

**ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ**

၃၆။ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီကို ပါတီဗဟိုကော်မတီဝင်များထဲမှ သင့်တော်သော အင်အားဖြင့် ဖွဲ့စည်းပေးရမည်။

၎င်းကော်မတီ၏ ရုံးအဖွဲ့ကို ပါတီဗဟိုကော်မတီဌာနချုပ်က ဖွဲ့စည်းပေးရမည်။ ၎င်းကော်မတီအတွက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ပါတီဗဟိုကော်မတီက သတ်မှတ်ပေးရမည်။ ပါတီဝင်များလိုက်နာရန် စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှရေးဆွဲပြီး ပါတီဗဟိုကော်မတီသို့ တင်ပြ၍ ပါတီညီလာခံတွင် အတည်ပြုရမည်။ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပါတီအဆင့်ဆင့်၏ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

**အတွင်းရေးမှူးများ**

၄၄။ အတွင်းရေးမှူးများသည် အထွေထွေအတွင်းရေးမှူးကို တာဝန်ခံရမည်။ အောက်ပါတာဝန်များကိုလည်း ထမ်းဆောင်ရမည် -

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အထောက်အကူပြုရမည်။

(ခ) ဗဟိုရေးရာကော်မတီများ၊ ဗဟိုဌာနကြီးများနှင့် ဗဟိုလုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေ အတွင်းရေးမှူးတို့မှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရမည်။

## ဗဟိုဌာနကြီးများ၊ ဗဟိုရေးရာကော်မတီများနှင့် လုပ်ငန်းအဖွဲ့အစည်းများ

၇၈။ **ဗဟိုဌာနကြီးများ။** ပါတီ၏စည်းရုံးရေး၊ စီမံခန့်ခွဲရေး၊ လေ့ကျင့်ပညာပေးရေး၊ သုတေသန ပြုလုပ်ခြင်းစသည့် ပါတီ၏ လုပ်ငန်းအားလုံးအတွက် သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆက်သွယ် ဆောင်ရွက်ပေးရန်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေ အတွင်းရေးမှူး၊ သက်ဆိုင်ရာအတွင်းရေးမှူးတို့အား အထောက်အကူအဖြစ် ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သည်။

၇၉။ **ဗဟိုရေးရာကော်မတီများ။** သက်ဆိုင်ရာရေးရာ ကော်မတီများသည် နိုင်ငံတော်အတွင်း ပါတီ၏လုပ်ငန်းများ၊ လူထုလူတန်းစားများကို လေ့လာသုတေသနပြုလုပ်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီက အဆုံးအဖြတ်ပြုနိုင်ရေး အထောက်အကူပြုရန်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူးနှင့် သက်ဆိုင်ရာအတွင်းရေးမှူးတို့ကို အထောက်အကူပေးရန်နှင့် ၎င်းတို့ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သည်။

၈၀။ **ဗဟိုလုပ်ငန်းအဖွဲ့အစည်းများ။** ပါတီတစ်ခုလုံး၏စည်းရုံးရေး၊ လေ့ကျင့်ပညာပေးရေး၊ သုတေသနပြုလုပ်ရေး၊ စီးပွားရေးအစရှိသောပါတီ၏လုပ်ငန်းများအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊

အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူးတို့ကို အထောက်အကူပြုရန်ဖြစ် သည်။

၈၁။ **သင်တန်းကျောင်း။** ပါတီအတွင်း သဘောတရား ခံယူချက် ခိုင်မာရေး၊ လေ့ကျင့်ပညာပေးရေး၊ အမာခံပါတီဝင်များ၏စည်းရုံးရေး၊ အရည်အသွေးမြင့်မားရေး၊ ပြုစုပျိုးထောင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်နိုင်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အထွေထွေအတွင်း ရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူးနှင့် သက်ဆိုင်ရာ အတွင်း ရေးမှူးတို့အား တာဝန်ခံရန်နှင့် အထောက်အကူပေးရန် ဖြစ်သည်။

၈၂။ **မော်ကွန်းတိုက်။** နိုင်ငံတော်တည်ရှိသရွေ့ ပါတီ၏လုပ်ငန်းများ ရှင်သန်တည်ရှိနေပြီး ပါတီ၏ လုပ်ဆောင်ချက်နှင့် အရေးကြီးသော မှတ်တမ်းတင်ထိန်းသိမ်းထားသင့်သောကိစ္စ၊ စာရွက်စာတမ်း မှန်သမျှ စနစ်တကျ ထိန်းသိမ်းထားရန်ဖြစ်သည်။

၈၃။ **တိုင်းနှင့်ပြည်နယ်ပါတီကော်မတီများ။** ပါတီအဆင့်ဆင့်၏ လုပ်ငန်းအံရပ်ရပ်ကို ပါတီဗဟို ကော်မတီကိုယ်စား အနီးကပ်ကြီးကြပ်ပြီး ပါတီအဆင့်ဆင့်နှင့် ဗဟိုအကြား အပြန်အလှန်ဆက်သွယ်မှုကို အထောက်အကူပြုရန်နှင့် ပါတီအောက်ခြေအဆင့်ဆင့်အား စည်းရုံး ခေါင်းဆောင် ကွပ်ကဲရန်ဖြစ်သည်။

## အခန်း (၅)
## ဗဟိုဌာနကြီးများ၊ ဗဟိုရေးရာကော်မတီများနှင့် ဗဟိုလုပ်ငန်းအဖွဲ့အစည်းများ

၈၄။ ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် စည်းရုံးရေးရာဌာနကြီး၊ စီမံရေးရာဌာနကြီး၊ စီးပွားရေးရာဌာနကြီး၊ ပညာရေးရာဌာနကြီး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနကြီးများနှင့် တောင်သူလယ်သမားရေးရာကော်မတီ၊ အလုပ်သမားရေးရာကော်မတီ၊ လူငယ်ရေးရာကော်မတီ၊ အမျိုးသမီးရေးရာကော်မတီ၊ နိုင်ငံခြားရေးရာကော်မတီများ စသည်တို့ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ထိုသို့ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံး ပါတီညီလာခံသို့ တင်ပြရမည်။

# အခန်း (၆)
# လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း

## လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း

၈၅။ ပါတီဗဟိုကော်မတီသည် ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ သတ်မှတ်ပြဋ္ဌာန်းချက်များကို အနီးကပ်ဆုံး ပါတီညီလာခံသို့ တင်ပြရမည်။

## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း

၈၆။ အမျိုးသားအကျိုးစီးပွားလိုအပ်ချက်အရ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေ အချိန်အခါပေါ်မူတည်၍ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်နိုင်သည်။ ပြင်ဆင်လိုပါက အောက်ပါအချက်များအတိုင်း ဆောင်ရွက်ရမည် -

(က) ပါတီဝင်များ၊ အောက်ခြေအဖွဲ့များမှ ပြင်ဆင်လိုခြင်းဖြစ်ပါက အခြေခံအဖွဲ့မှ ပါတီကော်မတီအဆင့်ဆင့်သို့ တင်ပြပြီး ပါတီညီလာခံ၌ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရန်ဖြစ်သည်။

(ခ) ပါတီဗဟိုကော်မတီမှ ပြင်ဆင်လိုခြင်းဖြစ်ပါကမူ ပြင်ဆင်လိုသောအချက်များကို ပါတီညီလာခံမကျင်းပမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဖြန့်ဝေချပြရမည်။

(ဂ) ပါတီညီလာခံတွင် တက်ရောက်ဆန္ဒမဲပေးခွင့်ရှိသော ကိုယ်စားလှယ်၏ ၇၅% တက်ရောက်မှသာ ပြင်ဆင်ချက်ကို စဉ်းစားမည်။ ညီလာခံသို့တက်ရောက်ပြီး ဆန္ဒမဲပေးခွင့်ရှိ၍ ဆန္ဒမဲပေးခွင့်ရှိသူ ကိုယ်စားလှယ်များ၏ ၇၅%က မဲပေးထောက်ခံမှသာ ပြင်ဆင်ချက်အတည်ဖြစ်မည်။

## အခန်း (၇)

## အထွေထွေ

၈၇။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အဆုံးအဖြတ်ပေးနိုင်သော အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းမှာ ပါတီညီလာခံပင် ဖြစ်သည်။ ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ တို့၏ အရေးကြီးသော ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်မှန်သမျှသည် ပါတီညီလာခံကျင်းပရန် အခြေအနေ ပေးလျှင်ပေးချင်း ပါတီညီလာခံကို တင်ပြ၍ အတည်ပြုချက်ရယူရန်ဖြစ်သည်။

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဖွဲ့စည်းပုံ

